မြို့နယ်စည်ပင်သာယာရေးအဖွဲ့

ညောင်လေးပင်မြို့

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၀ ရက်

အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချရန်

ကြော်ငြာစာအမှတ် ( ၁ /၂၀၂၅)

၁။ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် (၁-၄-၂၀၂၆ မှ ၃၁-၃-၂၀၂၇)ရက်နေ့အထိ (၁)နှစ်တာ ကာလအတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် လုပ်ကိုင်ခွင့်ကို သားသတ်လိုင်စင်များ၊ မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်များနှင့်ပတ်သက်၍ သီးခြား ညွှန်ကြားချက်ပါအတိုင်း ဆောင်ရွက်ခြင်းစနစ်ဖြင့်လည်းကောင်း၊ အပေါင်ဆိုင်လိုင်စင်များနှင့်ညောင်လေးပင် ဈေးအိမ်သာခကောက်လိုင်စင်အား သက်တမ်းတိုးစနစ်ဖြင့် လည်းကောင်း၊ ကျန်အခွင့်အရေးလိုင်စင်များအား ဈေးပြိုင်လေလံစနစ်ဖြင့်လည်းကောင်း အရပ်ရပ်အခွင့်အရေးလိုင်စင်များ ရောင်းချခြင်းအား အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်-

အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့် အစီအစဉ်

| စဉ် | ရောင်းချမည့် အစီအစဉ် | ရောင်းချမည့်နေ့ရက်နှင့် အချိန် | POP ပေးသွင်းပြီး လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန် | ရောင်းချမည့်နေရာ |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | (၁၂-၁-၂၀၂၆)(တနင်္လာနေ့) နံနက်(၁၀:၀၀)နာရီ | (၉-၁-၂၀၂၆)(သောကြာနေ့) ညနေ(၁၆:၀၀)နာရီ | ညောင်လေးပင်မြို့ သီရိရတနာခန်းမ |
| ၂။ | ဒုတိယအကြိမ် | (၂၀-၁-၂၀၂၆)( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | (၁၉-၁-၂၀၂၆)( တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | (၂၇-၁-၂၀၂၆)( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | (၂၆-၁-၂၀၂၆)( တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၄။ | ချိတ်ပိတ်တင်ဒါ | (၃-၂-၂၀၂၆)( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | (၂-၂-၂၀၂၆) (တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |
| ၅။ | အခြားနည်း | (၁၀-၂-၂၀၂၆)( အင်္ဂါနေ့) နံနက်(၁၀:၀၀)နာရီ | (၉-၂-၂၀၂၆)( တနင်္လာနေ့) ညနေ(၁၆:၀၀)နာရီ | |

၂။ လိုင်စင်ဆွဲဝယ်မည့်သူများသည် အောက်ပါစည်းကမ်းများကို လိုက်နာရမည်-

(က) လိုင်စင်ဆွဲဝယ်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။ အမှုအခင်းနှင့်ပြဿနာများကင်းရှင်းသူဖြစ်ရမည်။ လိုင်စင်ဆွဲဝယ်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း နိုင်ငံသားစိစစ်ရေးကဒ် (မူရင်း)ကို တင်ပြနိုင်ရမည်။ လိုင်စင်ဆွဲဝယ်သူသည် အပေါင်အနှံကင်းသည့် ကိုယ်ပိုင်အိမ်ဖြစ်ကြောင်း၊ အတည်တကျနေထိုင်ကြောင်းကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်ကိုပါ တစ်ပါတည်းတင်ပြရမည်။ ထို့အပြင် လိုင်စင်ဆွဲဝယ်သူ၏ အခွင့်အရေးလိုင်စင်တန်ဖိုးထက် လျော့နည်းခြင်းမရှိသော မရွှေ့မပြောင်းနိုင်သည့်အဆောက်အဦး(အိမ်၊ခြံ၊မြေ)၏ရှေ့/နောက်၊ ဝဲ/ယာ ဓာတ်ပုံမှတ်တမ်း (၄)စုံနှင့် အိမ်၊မြေ (သို့မဟုတ်) ငွေစုစာအုပ် (သို့မဟုတ်) ငွေစုလက်မှတ်ရှိကြောင်း အာမခံလက်မှတ်မူရင်း၊ ဂရန်မူရင်းတစ်ခုခုကိုပါ ပူးတွဲတင်ပြရမည်။ လိုင်စင်ဆွဲဝယ်မည့်သူများသည် အခွန်၊ အခများ ကင်းရှင်းကြောင်း ထောက်ခံချက်တင်ပြရမည်။ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှ လာရောက်ဆွဲဝယ်မည့်သူနှင့် ပဲခူးတိုင်းဒေသကြီးပြင်ပမှလာရောက်၍ လိုင်စင်ဆွဲဝယ်သူဖြစ်ပါက သက်ဆိုင်ရာမြို့နယ်တွင် အခွန် တာဝန်ကျေပွန်ပြီးကြောင်းနှင့် ၎င်း၏မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းအထောက် အထားနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တန်ဖိုးဖြတ်စိစစ်ရေးဖွဲ့ စိစစ်တင်ပြချက်အပေါ် အမှုဆောင်အရာရှိ၏ ထောက်ခံချက်နှင့်အတူ ပူးတွဲတင်ပြရမည်။

(ခ) လိုင်စင်ဆွဲဝယ်လိုသူများသည် ဤအဖွဲ့ရုံးမှ ရောင်းချမည့် အခွင့်အရေးလိုင်စင်များအတွက် လျှောက်လွှာကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လျှောက်လွှာ တစ်စောင်လျှင် ကျပ် (၁၅၀၀၀/-)တိတိဖြင့် ဝယ်ယူ၍ လျှောက်လွှာတင်သွင်းရမည်။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်ထားရာတွင် တစ်ဦးတည်းအမည်ဖြင့်သာ လျှောက်ထားရမည်။ လိုင်စင်ဆွဲဝယ်ရောင်းချရာတွင် လေလံဆွဲဝယ်မည့်သူ ကိုယ်တိုင်လာရောက်ရမည်။ လိုင်စင်ဆွဲဝယ်ရရှိပါက လိုင်စင်ကြေးငွေများကို လိုင်စင်ရရှိသူကိုယ်တိုင်ပေးသွင်းရမည်။ ကိုယ်စားလှယ်လွှဲစာ (Special Power)ဖြင့် လာရောက်ယှဉ်ပြိုင် ဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။ လျှောက်လွှာ တင်သွင်းထားသော်လည်း အဖွဲ့မှ လိုင်စင်စတင်ရောင်းချချိန်တွင် အချိန်မီ ရောက်လာခြင်းမရှိပါက နောက်ကျသူ၏ တာဝန်သာဖြစ်ပါသည်။

(ဂ) လိုင်စင်ဆွဲဝယ်သူများသည် အဖွဲ့မှသတ်မှတ်ထားသော လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာဖြင့် လျှောက်ထားရမည်ဖြစ်သည်။ လျှောက်လွှာနှင့်လိုင်စင်စည်းကမ်းများအား ညောင်လေးပင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အခွန်ဌာနစိတ်တွင် ဝယ်ယူလျှောက်ထားနိုင်ပါသည်။

(ဃ) လိုင်စင်ဆွဲဝယ်သူများသည် လျှောက်လွှာတင်သွင်းသည်နှင့်တစ်ပြိုင်နက် လိုင်စင်တစ်ခုချင်းစီ၏ သတ်မှတ်ကြမ်းခင်းဈေးတစ်ဝက်ကို လိုင်စင်ရောင်းချသည့် မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့်စာရင်းရှင်အပ်ငွေဖွင့်လှစ်၍ အမှုဆောင်အရာရှိ ရာထူး၊ အမည်ဖြင့် ရေးသားထားသော ငွေထုတ်ယူခွင့်အမိန့် (POP) (Payment Order Private)နှင့် အတူပူးတွဲတင်ပြရမည်။

(င) လိုင်စင်မအောင်မြင်သူများ၏ အာမခံအပ်ငွေများကို လိုင်စင်ပွဲပြီးဆုံးပြီး (၁၀)ရက်အကြာမှ ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။

(စ) သက်တမ်းတိုးလိုင်စင်လုပ်ကိုင်ခွင့် ရရှိသူဖြစ်စေ၊ တိုက်ရိုက်ချထားခြင်းခံရသူဖြစ်စေ၊ လိုင်စင်ဆွဲဝယ်ရရှိသူဖြစ်စေ၊ မိမိရရှိသော လိုင်စင်ကြေး၏ (၅ပုံ၁ပုံ)၊ လိုင်စင်ကြေးငွေ (သို့မဟုတ်) (၂ပုံ၁ပုံ) လိုင်စင်ကြေးငွေ (တိုင်းဒေသကြီးပြင်ပ) (သို့မဟုတ်) အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို အပိုဒ် (ဃ)ပါ စားပွဲတင် အာမခံငွေနှင့် ခုနှိမ်၍ ယင်းလိုင်စင်

ကြေးငွေများအား သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့သို့ ပေးသွင်းရမည့် (၅ပုံ၁ပုံ)၊ လိုင်စင်ကြေးငွေ (သို့မဟုတ်) အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေများကို (POP)တွင် ထားရှိပြီး အတည်ပြုချက်ရရှိပြီးပါက ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်စတွင် အဖွဲ့သို့ပေးသွင်းစေရမည်။ ကျန်ငွေကို (၈)ရစ် အညီအမျှခွဲဝေ၍ ၂၀၂၆ခုနှစ် ဧပြီလမှ ၂၀၂၆ခုနှစ် နိုဝင်ဘာလအတွင်း အရစ်ကျခွဲဝေ၍ ပေးသွင်းစေရမည်။ ပဲခူးတိုင်းဒေသကြီး ပြင်ပမှ လာရောက်ဆွဲဝယ်လုပ်ကိုင်သူဖြစ်ပါက လိုင်စင်ကြေး၏ (၅၀%)အား လိုင်စင်ဆွဲဝယ်ရရှိသည်နှင့်တစ်ပြိုင်နက်ပေးသွင်းရမည်။ ကျန် (၅၀%)အား ၂၀၂၆ခုနှစ် ဧပြီလမှစ၍ လစဉ်သတ်မှတ်ရက်များအတိုင်း (၄)ရစ်ခွဲ၍ ပေးသွင်းရမည်။ လိုင်စင်ကြေးအနည်းဆုံး ကျပ်သိန်း (၂၀)အောက်ဖြစ်ပါက အကြေပေးသွင်းရမည်။

(ဆ) လိုင်စင်လျှောက်လွှာများ တင်သွင်းရာတွင် အဖွဲ့မှသတ်မှတ်ထားသော လျှောက်လွှာတွင် ပြည့်စုံစွာ ဖြည့်စွက်၍ ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လျှောက်လွှာတင်သွင်းရမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့် လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ဇ) ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်အခွင့်အရေးလိုင်စင် လုပ်ကိုင်ဆောင်ရွက်လိုမှုနှင့်ပတ်သက်၍ အဖွဲ့မှ ရေးဆွဲထုတ်ပြန်ထားသည့် အရပ်ရပ်အခွင့်အရေးလိုင်စင် စည်းကမ်းချက်များနှင့် လုပ်ငန်းလိုင်စင် အမျိုးအစားအလိုက် လိုင်စင်စည်းကမ်းချက်များအပေါ် ရှင်းလင်း ပြတ်သားစွာ သိရှိထားရန်နှင့် ရှင်းလင်းမှုမရှိခြင်းနှင့် သိရှိလိုသောအကြောင်းအရာများရှိပါက ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးဖုန်းအမှတ်(၀၅၂-၂၇၅၀၀၆၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

အမှုဆောင်အရာရှိ
(ဇော်နိုင်၊ အင်ဂျင်နီယာမှူး)

စာအမှတ်၊ ၁၆၀၂ / ဃ-၂ / ညလပ (၀၀၁)
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၀ ရက်

**ဖြန့်ဝေခြင်း**

(ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များအားလုံး၊ ---------------------------မြို့)
(ဌာနဆိုင်ရာများအားလုံး၊ ညောင်လေးပင်မြို့)
မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများအားလုံး(ညောင်လေးပင်မြို့၊ ပွင့်တန်ဆာမြို့၊မဒေါက်မြို့၊ ပိန်းဇလုပ်မြို့)(အများပြည်သူသိရှိနိုင်စေရေးအတွက် ကြော်ငြာပေးရန်)
၂၀၂၅-၂၀၂၆ခု ဘဏ္ဍာရေးနှစ် လိုင်စီများအားလုံး
ဈေးတာဝန်ခံများအားလုံး(အများပြည်သူသိရှိနိုင်ရေးအတွက် ကြော်ငြာပေးရန်)

**မိတ္တူကို**

ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်လေးပင်မြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ညောင်လေးပင်မြို့
လက်ခံ/မျှော

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် ရောင်းချမည့်သားသတ်လိုင်စင်များ

ပြည်နယ်/တိုင်းဒေသကြီး- ပဲခူးတိုင်းဒေသကြီး

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့် တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | သားသတ်လိုင်စင်များ | | | |
| ၁ | ညောင်လေးပင် (ဝက်) | ၆၁၂၀၀၀၀၀ | ၃၀၆၀၀၀၀၀ | |
| ၂ | ပြွန်တန်ဆာ (ဝက်) | ၃၄၈၀၀၀၀၀ | ၁၇၄၀၀၀၀၀ | |
| ၃ | မဒေါက် (ဝက်) | ၁၅၆၀၀၀၀၀ | ၇၈၀၀၀၀၀ | |
| ၄ | ပိန်းဇလုပ် (ဝက်) | ၁၄၅၀၀၀၀၀ | ၇၂၅၀၀၀၀ | |
| ၅ | ဘိုင်းဒါး (ဝက်) | ၁၈၀၀၀၀၀ | ၉၀၀၀၀၀ | |
| ၆ | တော်ဝိ (ဝက်) | ၃၉၀၀၀၀၀ | ၁၉၅၀၀၀၀ | |
| ၇ | ညောင်လေးပင် (အမဲ) | ၁၉၇၀၀၀၀၀ | ၉၈၅၀၀၀၀ | |
| ၈ | ပြွန်တန်ဆာ (အမဲ) | ၁၆၇၀၀၀၀၀ | ၈၃၅၀၀၀၀ | |
| ၉ | မဒေါက် (အမဲ) | ၁၃၈၀၀၀၀၀ | ၆၉၀၀၀၀၀ | |
| ၁၀ | ပိန်းဇလုပ် (အမဲ) | ၂၆၀၀၀၀၀ | ၁၃၀၀၀၀၀ | |
| ၁၁ | တော်ဝိ (အမဲ) | ၁၂၀၀၀၀၀ | ၆၀၀၀၀၀ | |
| ၁၂ | ဘိုင်းဒါး (အမဲ) | ၂၉၀၀၀၀၀ | ၁၄၅၀၀၀၀ | |
| ၁၃ | ညောင်လေးပင် (ဆိတ်) | ၈၅၀၀၀၀၀ | ၄၂၅၀၀၀၀ | |

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်မည့်လိုင်စင်များ

ပြည်နယ်/တိုင်းဒေသကြီး- ပဲခူးတိုင်းဒေသကြီး

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့် တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | အပေါင်ဆိုင်လိုင်စင် | | | |
| ၁ | ညောင်လေးပင်အပေါင်ဆိုင်(၁) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၂ | ညောင်လေးပင်အပေါင်ဆိုင်(၂) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၃ | ညောင်လေးပင်အပေါင်ဆိုင်(၃) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၄ | ညောင်လေးပင်အပေါင်ဆိုင်(၄) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၅ | ညောင်လေးပင်အပေါင်ဆိုင်(၅) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၆ | ညောင်လေးပင်အပေါင်ဆိုင်(၆) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၇ | ညောင်လေးပင်အပေါင်ဆိုင်(၇) | ၁၁၆၀၀၀၀ | ၅၈၀၀၀၀ | |
| ၈ | ပြွန်တန်ဆာအပေါင်ဆိုင်(၂) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၉ | ပြွန်တန်ဆာအပေါင်ဆိုင်(၃) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၀ | ပြွန်တန်ဆာအပေါင်ဆိုင်(၄) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၁ | ပြွန်တန်ဆာအပေါင်ဆိုင်(၅) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၂ | ပြွန်တန်ဆာအပေါင်ဆိုင်(၆) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၃ | ပြွန်တန်ဆာအပေါင်ဆိုင်(၈) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၄ | ပြွန်တန်ဆာအပေါင်ဆိုင်(၉) | ၉၅၀၀၀၀ | ၄၇၅၀၀၀ | |
| ၁၅ | မဒေါက်အပေါင်ဆိုင်(၁) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၁၆ | မဒေါက်အပေါင်ဆိုင်(၂) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၁၇ | မဒေါက်အပေါင်ဆိုင်(၃) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၁၈ | မဒေါက်အပေါင်ဆိုင်(၄) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၁၉ | မဒေါက်အပေါင်ဆိုင်(၅) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၂၀ | မဒေါက်အပေါင်ဆိုင်(၆) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၂၁ | မဒေါက်အပေါင်ဆိုင်(၇) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၂၂ | မဒေါက်အပေါင်ဆိုင်(၁၀) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၂၃ | မဒေါက်အပေါင်ဆိုင်(၁၂) | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |
| ၂၄ | သောင်ကြီးအပေါင်ဆိုင် | ၇၂၀၀၀၀ | ၃၆၀၀၀၀ | |
| ၂၅ | တော်ဝိအပေါင်ဆိုင် | ၈၇၀၀၀၀ | ၄၃၅၀၀၀ | |

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် ဈေးပြိုင်စနစ်ဖြင့် ဆောင်ရွက်မည့်လိုင်စင်များ

ပြည်နယ်/တိုင်းဒေသကြီး- ပဲခူးတိုင်းဒေသကြီး

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့် တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **ဈေးကောက်လိုင်စင်** | | | |
| ၁ | ညောင်လေးပင်မြို့မဈေးကောက် | ၇၈၁၀၀၀၀ | ၃၉၀၅၀၀၀ | |
| ၂ | ပြွန်တန်ဆာမြို့မဈေးကောက် | ၁၂၁၀၀၀၀၀ | ၆၀၅၀၀၀၀ | |
| ၃ | ဘိုင်းဒါးဈေးကောက် | ၁၀၅၀၀၀၀ | ၅၂၅၀၀၀ | |
| ၄ | ပိန်းဇလုပ်ဈေးကောက် | ၂၃၁၀၀၀၀ | ၁၁၅၅၀၀၀ | |
| ၅ | မဒေါက်ဈေးကောက် | ၁၃၃၇၀၀၀၀ | ၆၆၈၅၀၀၀ | |
| | **အခြားလိုင်စင်များ** | | | |
| ၁ | ညောင်လေးပင်စက်ဘီးအပ် | ၁၂၆၅၀၀၀၀ | ၆၃၂၅၀၀၀ | |
| ၂ | ပြွန်တန်ဆာစက်ဘီးအပ် | ၂၂၆၀၀၀၀ | ၁၁၃၀၀၀၀ | |
| ၃ | ပြွန်တန်ဆာဈေးအိမ်သာ | ၂၇၅၀၀၀၀ | ၁၃၇၅၀၀၀ | |
| ၄ | မြို့တွင်းယာဉ်ညအိပ်ရပ်နားခွန် | ၉၉၀၀၀၀ | ၄၉၅၀၀၀ | |
| ၅ | မြို့တွင်းယာဉ်ရပ်နားခွန် | ၄၉၅၀၀၀၀ | ၂၄၇၅၀၀၀ | |

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးစနစ်ဖြင့် ဆောင်ရွက်မည့်လိုင်စင်များ

ပြည်နယ်/တိုင်းဒေသကြီး- ပဲခူးတိုင်းဒေသကြီး

| စဉ် | လိုင်စင်အမည် | ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POPဖြင့် တင်သွင်းရမည့် စားပွဲတင်ငွေ (ကျပ်) | မှတ်ချက် |
|---|---|---|---|---|
| | **မြို့ဝင်ကြေးကောက်** | | | |
| ၁ | မြို့နယ်ဝင်ကြေးဘီးကောက် | ၆၀၈၃၉၀၀၀၀ | ၃၀၄၁၉၅၀၀၀ | |
| | **အခြားလိုင်စင်များ** | | | |
| ၂ | ညောင်လေးပင်ဈေးအိမ်သာ | ၇၈၃၀၀၀၀ | ၃၉၁၅၀၀၀ | |